# အာဆီယံနှင့်ကုလသမဂ္ဂမှ
# မြန်မာနိုင်ငံအားပံ့ပိုးမည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး
# အဆိုပြုချက်အပေါ်တွင် ပူးတွဲသဘောထားထုတ်ပြန်ချက်

MoHADM-NUG    KNPP    KNU    CNF

၃၀ မေလ ၂၀၂၂

များမကြာမီက ကမ္ဘောဒီးယားနိုင်ငံတွင် ပြုလုပ်ခဲ့သော အာဆီယံ၏ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်း အစည်းအဝေးတွင် စစ်ကောင်စီမှတဆင့် အကူအညီများကိုပံ့ပိုးပေးသွားမည်ဟု ဆုံးဖြတ်ခဲ့ကြသည်။ ထိုဆုံးဖြတ်ချက်သည် အထူးသဖြင့် စစ်ဘေးရှောင်စခန်းများအား ဗုံးကြဲတိုက်ခိုက်ခြင်း၊ မြို့ရွာများအား မီးရှို့ ဖျက်ဆီးခြင်းများအား ကန့်ကွက်တားဆီးခြင်းပြုပြီး အမှန်တကယ်လိုအပ်နေသော ပြည်သူများထံသို့ လူသားချင်းစာနာထောက်ထားမှုအကူအညီများပေးရန်ထက်စစ်ကောင်စီမှလက်ရှိကျူးလွန်နေသာအကြမ်းဖက်မှုများကို ဖုံးကွယ်ရန် ကြိုးစားမှုနှင့်အတူ  လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို စစ်ကောင်စီမှ လက်နက်သဖွယ် အသုံးပြုရန် ဖြစ်လာစေပါသည်။

အာဆီယံ၏ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးစင်တာ (ASEAN AHA Centre) နှင့် ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးညှိနှိုင်းမှုရုံး (UNOCHA) တို့သည် အမျိုးသား ညီညွတ်ရေးအစိုးရ (NUG) ၏ လူသားချင်းစာနာထောက်ထားရေးနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေး ဝန်ကြီး ဌာန၊ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့များ၊ ပြည်နယ်အတိုင်ပင်ခံကောင်စီများနှင့် ဆွေးနွေးတိုင်ပင်ခဲ့ခြင်းမရှိပဲ လုပ်ငန်းများဆောင်ရွက်ရန်အတွက် ကြိုတင်ပြင်ဆင်မှုနှင့် လေ့လာဆန်းစစ်မှုများဆိုင်ရာ ပုံစံဒီဇိုင်းနှင့် လုပ်ငန်းစဉ် အား အပြီးသတ်လုပ်ဆောင်ခဲ့သည်။ ၄င်းသဘောတူထားပြီးဖြစ်သည့် ကြိုတင်စီစဉ်ထားသော လေ့လာဆန်းစစ်မှု လုပ်ငန်းစဉ်များ၏ လမ်းကြောင်းအတွက် “လုံခြုံရေး” ပေးရန်သာ ကျွန်ုပ်တို့အားမေတ္တာရပ်ခံခဲ့ပါသည်။ သက်ဆိုင်သူများ ပါဝင်မှုမရှိသည့် ချဉ်းကပ်သည့်နည်းလမ်းကို ပြန်လည်စဉ်းစားရန်၊  ဆန်းစစ်လေ့လာမှုနှင့် အကူအညီ ပေးရေး အစီအစဉ်များကို ပြန်လည်သုံးသပ်ရေးဆွဲရန် ကျွန်ုပ်တို့အနေနှင့် တောင်းဆိုခဲ့ပါသည်။ သို့သော်လည်း တောင်းဆိုမှုများကို ၎င်းတို့က လက်ခံစဉ်းစားရန်ဆန္ဒရှိပုံ မပြပဲ စီစဉ်ထားသည့်အတိုင်းသာ ဆက်လက်ပြီး

ဆောင်ရွက်ရန် ပေါ်လွင်နေပြီး အဓိပ္ပာယ်ပြည့်ဝသည့် ဆွေးနွေးတိုင်ပင်မှု (သို့မဟုတ်) လက်ရှိပဋိပက္ခတွင် ပါဝင်နေကြသော သက်ဆိုင်ရာမည်သည့်အဖွဲ့အစည်းနှင့်မျှ ဆွေးနွေးတိုင်ပင်ခဲ့ခြင်း မရှိပါ။

ထို့ကြောင့် ဤအခြေအနေများကို ကျွန်ုပ်တို့အနေနှင့် လုံးဝလက်ခံနိုင်ဖွယ်ရာမရှိပါ။ ဤကဲ့သို့သော ချဉ်းကပ်မှု နည်းလမ်းသည် စစ်ကောင်စီအား တရားဝင်မှုအပ်နှင်းသည့် အန္တရာယ်ကြီးမားသော လုပ်ရပ်ဖြစ်ကာ ပြည်သူများ အား ပို၍ဘေးဒုက္ခရောက်စေမည်ဖြစ်ပြီး လူသားချင်းစာနာထောက်မှုဆိုင်ရာ အခြေခံမူများအား ချိုးဖောက်ခြင်း လည်း ဖြစ်ပါသည်။ စစ်ကောင်စီမှ ၎င်းတို့ပစ်မှတ်ထားတိုက်ခိုက်နေသည့် အကူအညီအလိုအပ်ဆုံးပြည်သူများကို ချန်လှပ်ထားရန် ရည်ရွယ်ချက်ဖြင့် “အမည်ခံ နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှု အကူအညီ” ကို ဆက်လက်လုပ်ဆောင်လိမ့်မည်ဖြစ်ပြီး ၎င်းတို့၏ ရှေ့တန်းစစ်စခန်းများကို ရိက္ခာဖြည့်တင်းရန် ထိုအစီအစဉ်ကို ဗျူဟာမြောက်ရွေးချယ်အသုံးချလိမ့်မည်ဖြစ်သည်။ ဤချဉ်းကပ်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပါက မြေပြင်တွင် ပိုမိုထိခိုက်မှုများဖြစ်ပေါ်စေမည်ဖြစ်သည်။ စစ်ကောင်စီမှ ဗုံးကြဲတိုက်ခိုက်နေသည့် ရပ်ရွာဒေသများ သည် လူသားချင်းစာနာထောက်ထားမှု အကူအညီ အလိုအပ်ဆုံးဖြစ်ပြီး ၎င်းတို့ပြုလုပ်မည့် လေ့လာဆန်းစစ်ချက် တွင် ထိုဒေသများချန်လှပ်ထားခြင်းကို စိတ်မကောင်းကြီးစွာဖြင့် တွေ့ရှိရပါသည်။

ဤလုပ်ဆောင်မှုသည် အာဆီယံ သဘောတူညီချက် (၅) ချက်မှ အချက်တစ်ချက်ကို ဆောင်ရွက်ရေးအတွက် အားပေးမြှင့်တင်မှုမဟုတ်ဘဲ မှားယွင်းနေသည့်အခြေအနေများအပေါ် လွဲမှားစွာဆောင်ရွက်ခြင်းမျိုး ဖြစ်နေ ပါသည်။ ရက်စက်ကြမ်းကြုတ်သည့်ရာဇဝတ်မှုများကို ကျူးလွန်နေသည့်စစ်ကောင်စီ၏ လုပ်ရပ်များအား လက်ရဲ ဇက်ရဲ ထပ်မံကျူးလွန်လာစေရန် အားပေးပြီး အာဆီယံသဘောတူညီချက် အားလုံးကို အဖတ်ဆယ်မရအောင် အကျိုး သက်ရောက်လိမ့်မည်ဖြစ်ပါသည်။ ထို့ပြင် သဘောတူညီချက်၏ ပထမ (၂) ချက် ဖြစ်သော “ပဋိပက္ခတွင် ပါဝင် နေကြသော အစုအဖွဲ့များအကြား အပြုသဘောဆောင် ဆွေးနွေးညှိနှိုင်းရန်” နှင့် “အကြမ်းဖက်မှုများ ချက်ချင်း ရပ်တန့်ရန်” ဟူသော အချက်နှစ်ချက်ကို အဟန့်အတားဖြစ်စေလိမ့်မည် ဖြစ်ပါသည်။

နိုင်ငံတကာကြက်ခြေနီကော်မတီ (ICRC) ကို ချန်လှပ်ထားခဲ့ပြီး မြန်မာ့ကြက်ခြေနီအသင်း (MRCS) ကို ထည့်သွင်း လာခြင်းမှာလည်း မိမိတို့အား များစွာ မပြေလည်မှုနှင့် စိတ်အနှောင့်အယှက် ဖြစ်စေပါသည်။ မြန်မာနိုင်ငံ ကြက်ခြေနီအဖွဲ့သည် စစ်တပ်၏အရံတပ်ဖွဲ့ဖြစ်ကာ စစ်ကောင်စီ၏ ယန္တယားအစိတ်အပိုင်းတစ်ခုအဖြစ် အသုံးပြု နေမှု များရှိနေပါသည်။ အကယ်၍ အာဆီယံနှင့် ကုလသမဂ္ဂတို့သည် မြန်မာကြက်ခြေနီအသင်း၊ စစ်ကောင်စီ တို့နှင့် လက်တွဲဆောင်ရွက်ပါက ထိုအဖွဲ့အစည်းများအား လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ စည်းမျဉ်းများ ကို လိုက်နာရေးအတွက် တောင်းဆိုနိုင်စွမ်း မရှိပါ။ နိုင်ငံတကာကြက်ခြေနီကော်မတီကဲ့သို့သော ဘက်မလိုက် သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများအနေနှင့် ပဋိပက္ခတွင်ပါဝင်နေကြသော အစုအဖွဲ့ များကို ဝန်ဆောင်မှုများပေးနိုင်ရန် အဆိုပြုခွင့်ရှိရပါမည်။ ယင်းကဲ့သို့သောအဖွဲ့အစည်းများ၏ ပါဝင်မှုသည် ပြင်ပ မှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးအပ်ခြင်းနှင့် ပဋိပက္ခအတွင်း အကာအကွယ်ပေးမှု များကို ဥပဒေ အခြေခံမှ ပံ့ပိုးပါဝင်ခြင်းကိုလည်း ဖြစ်စေပါသည်။

ခိုင်လုံစွာရေးသားပြုစုထားသည့် အဆိုပြုချက်များ အပါအဝင်၊ နိုင်ငံအတွင်း ဘေးဒုက္ခများခံစားနေရသူများအား လူသားချင်းစာနာထောက်ထားမှုအကူအညီပေးအပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာ၌ ဘက်လိုက်မှုမရှိစေရန် နှင့် ထိရောက်စွာပေးပို့နိုင်ရန် ကျွန်ုပ်တို့အနေနှင့် ကုလသမဂ္ဂနှင့် အခြားအဖွဲ့အစည်းများသို့ တစိုက်မတ်မတ် တောင်းဆို ခဲ့ပါသည်။ နိုင်ငံတကာအသိုင်းအဝိုင်း အများစုမှ ကျွန်ုပ်တို့တောင်းဆိုချက်အပေါ် တုံ့ပြန်မှု မရှိသည့် အတွက် စိတ်ပျက်မိပါသည်။ အကူအညီလိုအပ်နေသူများအား အသက်ဘေးမှကယ်တင်နိုင်ရန် ပေးအပ်သော မည်သည့် အကူအညီများကိုမဆို ကျွန်ုပ်တို့အနေနှင့်ကြိုဆိုပါသည်။ သို့သော်လည်း စစ်ကောင်စီမှ ရက်ရက်စက်စက် ကျူးလွန်နေသော ရာဇဝတ်မှုများကို ထပ်မံဖြစ်ပေါ်စေရန်အားပေးခြင်း၊ အကျပ်အတည်းအား နက်ရှိုင်းစွာ ရေရှည်ဆက်လက် ဖြစ်ပေါ်စေခြင်းနှင့် ကျွန်ုပ်တို့ပြည်သူများ၏ ကြောက်မက်ဖွယ်ကောင်းသော စိန်ခေါ်မှုများ ကြုံတွေ့နေရခြင်းများအား ထပ်မံ၍ ရဲရဲတင်းတင်းကျူးလွန်နိုင်မည့် အခြေအနေများသာ ကြုံတွေ့ လာနိုင်မည် ဖြစ်သောကြောင့် ဤအစီအစဉ်အား ကျွန်ုပ်တို့အနေနှင့် ကန့်ကွက်ရမည်ဖြစ်ပါသည်။

ဘက်လိုက်မှု မရှိစေရန်အတွက်၊ လူသားချင်းစာနာထောက်ထားမှုအကူအညီများအတွက် ဆောင်ရွက်ရာတွင် သက်ဆိုင်သော အစုအဖွဲ့အားလုံးအနေဖြင့် အစီအစဉ်စတင်ရေးဆွဲခြင်းအဆင့်တွင် ပါဝင်ကြရမည်ဖြစ်သည်။ ထို့ကြောင့် ဤအစီအစဉ်အား သင့်လျော်သည့် လုပ်ငန်းစဉ်အဖြစ် ပြန်လည်ရေးဆွဲရန် ထပ်လောင်း တောင်းဆို လိုက်သည်။

မိမိတို့၏ မူလ သတိပေးချက်များနှင့် တောင်းဆိုချက်များ -

၁။ ဘေးဒုက္ခများကို သက်သာ လျော့ပါး စေရေး အရေးပေါ်အကူအညီပေးအပ်ခြင်း -

- က။ အများယုံကြည်လက်ခံသော ဒေသအခြေပြု အရပ်ဘက်လူမှုအဖွဲ့အစည်းများ (CSO/CBO) နှင့် NGOs များအား ထောက်ပံ့မှု တိုးမြှင့်ပေးအပ်ခြင်းသည် အကောင်းဆုံးဖြစ်သည်။ ထိုအဖွဲ့အစည်း များသည် သိုသိပ်စွာဖြင့်လှုပ်ရှားနိုင်ကြပြီး ၎င်းတို့အားပံ့ပိုးမှု ပိုမိုတိုးပေးခြင်းအားဖြင့် ရှိထားနှင့်ပြီး သော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လမ်းကြောင်းများမှတဆင့် လုပ်ငန်းများပိုမိုတိုးချဲ့ ဆောင်ရွက်နိုင်မည် ဖြစ်သည်။

၂။ ရပ်ရွာစွန့်ခွာထွက်ပြေးနေရသည့် ထောင်ပေါင်းများစွာသောပြည်သူများအတွက် ရေရှည်လုပ်ငန်းစဉ် -

- က။ တိုင်းရင်းသားနယ်မြေနှင့် လွတ်မြောက်နယ်မြေများအတွင်း လူသားချင်းစာနာထောက်ထားမှု လုပ်ငန်းများ လုပ်ဆောင်နေကြသော အများယုံကြည်လက်ခံသည့် ဒေသအခြေပြုနှင့် နိုင်ငံတကာ အဖွဲ့အစည်းများအား ပံ့ပိုးပေးခြင်း။
- ခ။ နယ်စပ်ဖြတ်ကျော်လုပ်ဆောင်နိုင်ရန်အတွက် ကင်းလွတ်ခွင့်ရရှိအောင် လုပ်ဆောင်ပေးခြင်း (သို့မဟုတ်) အကျိုးဆောင်ပံ့ပိုးမှုများ ပေးအပ်ခြင်း။

**အာဆီယံ၊ ကုလသမဂ္ဂနှင့် အလှူရှင်များအားလုံးသို့ အကြံပြုချက်နှင့် မေတ္တာရပ်ခံချက်**

၁။ စစ်ကောင်စီမှ သတ်မှတ်ပေးသည့် ဒေသများအတွက်သာအကျိုးရှိစေရန်သာ ဒီဇိုင်းပြုလုပ်ထားပြီး သက်ဆိုင်သူများအား ချန်လှပ်ဖယ်ထုတ်ထားသည့် လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းစဉ်အား ဆက်လက်ဆောင်ရွက်ခြင်း မပြုလုပ်ရန်။

၂။ လုပ်ငန်းအစီအစဉ်အား ချက်ချင်းပြန်လည်ရေးဆွဲရန်နှင့် ဖြစ်စဉ်ထဲတွင်ပါဝင်နေသည့် သက်ဆိုင်သူများ အားလုံးအား ထည့်သွင်းရန်။

၃။ ကုလသမဂ္ဂနှင့် အာဆီယံ အထူးသံကိုယ်စားလှယ်များအပါအဝင် အာဆီယံအပြင် (ASEAN Plus)၊ ချဉ်းကပ် သည့်နည်းလမ်းကို ထည့်သွင်းစဉ်းစားရန်။

၄။ နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေများနှင့် ကျင့်စဉ်ကောင်းများ၏ စံတန်ဖိုးများ နှင့် စံနှုန်းများ အပေါ်တွင် အခြေခံ၍ သက်ဆိုင်သူ အားလုံးပါဝင်သော လူသားချင်းစာနာ ထောက်ထားမှု ဆိုင်ရာ ညှိနှိုင်းဆွေးနွေးမှုကိုပြုလုပ်ရန်။

၅။ အရေးပေါ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီလိုအပ်ချက်ကို ပံ့ပိုးပေးနိုင်ရန် နယ်စပ် ဖြတ်ကျော်ပံ့ပိုးပေးနိုင်သည့် သဘောတူညီချက်မှတဆင့် လုပ်ဆောင်ရန်အတွက် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး ညှိနှိုင်းမှုရုံး (OCHA) နှင့် နိုင်ငံတကာကြက်ခြေနီကော်မတီ (ICRC) တို့အား ကျွန်ုပ်တို့မှ တိုက်တွန်းသည်။

၆။ အလွန်အမင်းအကူအညီလိုအပ်နေသော နေရာများကို အရေးပေါ်အကူအညီများရောက်ရှိရန်အတွက် ကာလတို လူသားချင်းစာနာထောက်ထားမှု စကြႍထူထောင်ခြင်းအား ခွင့်ပြုရန်အတွက် အာဆီယံ၊ အိန္ဒိယ၊ ထိုင်းနိုင်ငံတို့နှင့် ညှိနှိုင်းဆွေးနွေးရာတွင် ကုလသမဂ္ဂနှင့် နိုင်ငံတကာကြက်ခြေနီ ကော်မတီတို့မှ ဝင်ရောက် ကူညီပေးရန် ကျွန်ုပ်တို့အနေနှင့် မေတ္တာရပ်ခံပါသည်။

၇။ လူသားချင်းစာနာထောက်ထားမှုအကူအညီများပေးဝေရာတွင် စစ်ကောင်စီမှ ဝင်ရောက်စွက်ဖက်မှု မရှိ စေရန် အလေးထားလုပ်ဆောင်ရန်၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ဆွေးနွေးရန်နှင့် လေ့လာစောင့်ကြည့်ရန်အတွက် တတိယအစုအဖွဲ့မှ ပါဝင် လုပ်ဆောင်ပေးရန် ကျွန်ုပ်တို့အနေနှင့် တောင်းဆိုပါသည်။

ဆက်သွယ်ရန် -

(၁) Mr. Liam (NUG) +၆၆ ၉ ၇၀၈၉ ၀၉၁၈

(၂) ခူးပလုရယ် (KNPP) +၆၆ ၈ ၉၅၅၃ ၁၂၉၆

(၃) ဆလိုင်းထက်နီ (CNF) +၉၁ ၆၉ ၀၉၇၅၁၇၂၁

(၄) ပဒိုစောတောနီး (KNU) +၆၆ ၆ ၃၀၂၀ ၂၄၁၁